**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပညာရေးဝန်ကြီးဌာန**

**အဆင့်မြင့်ပညာဦးစီးဌာန**

**နည်းပညာတက္ကသိုလ်(မြိတ်)**

ကြေညာချက် ( ၁ /၂၀၂၀)

အကြောင်းအရာ။ **ပထမနှစ်ဝက်စာမေးပွဲ ဖြေဆိုခြင်းကိစ္စ**

ရည်ညွှန်းချက်။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ နေပြည်တော်၏ (၁၈.၃.၂၀၂၀) ရက်စွဲပါစာအမှတ်၊အဆင့်မြင့်/သင်တန်း-၂/ညွှန်ကြားချက်/၂၀၂၀(၄၃၅၁)

၁။ အထက်ကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ ရည်ညွှန်းချက်ပါစာအရ ၂၀၂၀ပြည့်နှစ် မတ်လ (၁၉)ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် (၂၀၁၉-၂၀၂၀)ပညာသင်နှစ် ပထမနှစ်ဝက်စာမေးပွဲ ဖြေဆိုသူများ သိရှိနိုင်ပါရန်အတွက် အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။

(က)နည်းပညာတက္ကသိုလ်(မြိတ်)တွင် (၂၀၂၀)ပြည့်နှစ် မတ်လ (၁၉)ရက်နေ့မှ စတင်ကျင်းပမည့် (၂၀၁၉-၂၀၂၀)ပညာသင်နှစ် ပထမနှစ်ဝက်စာမေးပွဲအား မူလအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုလိုသော ကျောင်းသား၊ကျောင်းသူများသည် ထုတ်ပြန်ပြီးဖြစ်သော စာမေးပွဲအချိန်ဇယားအတိုင်း ဖြေဆိုနိုင်မည်ဖြစ်သည်။

(ခ)COVID-19ကို စိုးရိမ်၍ စာမေးပွဲဝင်ရောက်ဖြေဆိုရန် ဆန္ဒမရှိသော ကျောင်းသား၊ ကျောင်းသူများသည် (၁၉.၃.၂၀၂၀)ရက် နံနက် (၉း၀၀)နာရီမှ ညနေ(၄း၀၀)နာရီအတွင်း ကျောင်းသားရေးရာဌာနသို့ ကိုယ်တိုင်လာရောက်၍ မပျက်မကွက် လာရောက်စာရင်း ပေးသွင်းရမည်။

(ဂ)မိမိဆန္ဒအလျောက် စာမေးပွဲမဖြေဆိုလိုသော ကျောင်းသား၊ ကျောင်းသူများအတွက် ၂၀၂၀ပြည့်နှစ် မေလ(သို့မဟုတ်)ဇွန်လအတွင်း အစားထိုးစာမေးပွဲ စီစဉ်ဆောင်ရွက်ပေးရန် ယာယီသတ်မှတ်ထားပါသည်။ အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်၍ အပြောင်းအလဲရှိပါက ထပ်မံအသိပေးကြေညာပေးသွားမည်ဖြစ်သည်။

(ဃ)အစားထိုးစာမေးပွဲအား ပြောင်းရွှေ့ဖြေဆိုလိုသော ကျောင်းသား၊ကျောင်းသူများသည် အစားထိုးစာမေးပွဲဖြေဆိုရန် ပျက်ကွက်ခဲ့ပါက စာသင်နှစ်(တစ်နှစ်)ကျရှုံးမည်ဖြစ်သည်။

(င)စာမေးပွဲပြောင်းရွှေ့ဖြေဆိုလိုသော ကျောင်းအဆောင်နေ ကျောင်းသားများသည် (၂၂.၃.၂၀၂၀)ရက်နောက်ဆုံးထား၍ အဆောင်မှထွက်ခွါပြီး မိမိနေရပ်သို့ ပြန်ရမည်ဖြစ်သည်။

၂။ နည်းပညာတက္ကသိုလ်(မြိတ်)အနေဖြင့် စာမေးပွဲကျင်းပနေစဉ်အတွင်း စာမေးပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာရေးဦးစီးဌာန၏ ညွှန်ကြားချက်များ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လိုက်နာဆောင်ရွက်ရန်အချက်များအား တိကျစွာလိုက်နာဆောင်ရွက်သွားမည်ဖြစ်သည်။

ပညာရေးအဖွဲ့
နည်းပညာတက္ကသိုလ်(မြိတ်)

စာအမှတ်၊နပတ(မြိတ်)/ကသ/၂၀၂၀(    )

ရက်စွဲ၊၂၀၂၀ခုနှစ်၊     မတ်လ     ရက်